ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

# မြန်မာအာဏာပိုင်များအနေဖြင့် ICC ထံတွင် စစ်ဆေးကြားနာမှုပြုရမည် ဟု အရှေ့တောင်အာရှလွှတ်တော်အမတ်များကပြောကြား

ဂျာကာတာ၊ ဩဂုတ်လ၂၄ရက်၊ ၂၀၁၈ခုနှစ်။ ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာလူမျိုးများအပေါ်ကျူးလွန်သည့် အကြမ်းဖက်ပြစ်မှုများအတွက် တရားမျှတမှုရရှိရန် မြန်မာအာဏာပိုင်များအား နိုင်ငံတကာအသိုင်းအဝိုင်းက စစ်ဆေးပေးရေးကို အရှေ့တောင်အာရှမှ ဥပဒေပြုလွှတ်တော်အမတ် ၁၀၀ ကျော်က တောင်းဆိုလိုက်သည်။

ယနေ့ထုတ်ပြန်ခဲ့သောပူးတွဲကြေညာချက်တွင် လူ့အခွင့်အရေးဆိုင်ရာ အရှေ့တောင်အာရှလွှတ်တော်အမတ်များ အဖွဲ့မှ အဖွဲ့ဝင်လွှတ်တော်အမတ် (၂၂) ဦးအပါအဝင် အရှေ့တောင်အာရှမှ လွှတ်တော်အမတ် (၁၃၂) ဦးက ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (UNSC) အဖွဲ့ဝင်နိုင်ငံများအား မြန်မာနိုင်ငံ၏အခြေအနေအား ICC သို့လွှဲပြောင်းရန် တောင်းဆိုခဲ့ကြသည်။ မြန်မာနိုင်ငံသည် Rome Statute ကိုလက်မှတ်ရေးထိုးထားခြင်းမရှိသောကြောင့် ICC အနေဖြင့် နိုင်ငံအတွင်းတွင် တရားစီရင်မှုမပြုလုပ်နိုင်ပဲ UNSC ကသာလျှင် စုံစမ်းစစ်ဆေးရေးအတွက် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

" မြန်မာ့တပ်မတော်အနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာ လူသတ်ဖြတ်တဲ့ စစ်ဆင်ရေးကိုလုပ်ဆောင်ခဲ့တာ တစ်နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပေမယ့် အဲ့ဒီကိစ္စအတွက် တာဝန်ရှိတဲ့သူတွေကို တရားစီရင်ဖို့ဆောင်ရွက်မှုတွေကို မမြင်တွေ့ရသေးပါဘူး။ မြန်မာနိုင်ငံအနေနဲ့စုံစမ်းစစ်ဆေးဖို့အတွက် ဆန္ဒမရှိ၊ မလုပ်ဆောင်နိုင်တဲ့အတွက် တာဝန်ခံ တာဝန်ယူမှုတွေရှိဖို့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းက ဆောင်ရွက်ရမယ့်အဆင့်ကိုရောက်နေပြီဖြစ်ပါတယ်" ဟု APHR အဖွဲ့ဥက္ကဋ္ဌဖြစ်သူ၊ မလေးရှားလွှတ်တော်အမတ် Charles Santiago က ပြောကြားခဲ့ပါသည်။

" ICC မှာ မြန်မာ့အရေးကိုဆောင်ရွက်ဖို့အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) အဖွဲ့ဝင်နိုင်ငံများကို တောင်းဆိုတဲ့ အခြားသောလွှတ်တော်အမတ် (၁၃၁) ဦးနဲ့အတူ ကျွန်တော်တစ်သဘောတည်းရပ်တည်ပါတယ်။ နောက်နှစ်မှ UNSC မှာအဖွဲ့ဝင်ဖြစ်လာမယ့် အင်ဒိုနီးရှားနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအားလုံးကို ရိုဟင်ဂျာနဲ့အခြား လူနည်းစုတိုင်းရင်းသားတွေအပေါ်မှာ ကျူးလွန်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အဆုံးသတ်ဖို့အတွက် မြန်မာအစိုးရနဲ့စစ်တပ်ကိုဖိအားပေးဖို့ ဒီလွှတ်တော်အမတ်တွေကတောင်းဆိုထားတာပါ။"

နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြစ်မှုဆိုင်ရာစီရင်မှုများကိုအနာဂတ်တွင် ဆောင်ရွက်နိုင်ရန်နှင့် ဘက်မလိုက်သောစုံစမ်းစစ်ဆေးမှုများဆောင်ရွက်နိုင်ရန် နိုင်ငံတကာတာဝန်ယူဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ရပ်ကို ဖော်ဆောင်ရေးဆိုင်ရာ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ၏လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စရန်ဟီလီ၏ တောင်းဆိုမှုကို နိုင်ငံတကာအသိုင်းအဝိုင်းက ထောက်ခံရန်အတွက် ဒေသတွင်းလွှတ်တော်အမတ်များက တောင်းဆိုထားပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိရဲတပ်ဖွဲ့စခန်းများအား ARSA အဖွဲ့ကတိုက်ခိုက်ခဲ့မှုအား တုန့်ပြန်ဆောင်ရွက်ခဲ့သည့် ကြမ်းတမ်းသောနှိမ်နင်းဖြိုခွဲခြင်းကို မြန်မာလုံခြုံရေးတပ်ဖွဲ့များနှင့် အပေါင်းအပါများကဆောင်ရွက်ခဲ့မှုမှာ မနက်ဖြန် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် တစ်နှစ်ပြည့်ပြီ ဖြစ်ပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရိုဟင်ဂျာ ထောင်ပေါင်းများစွာကိုသတ်ဖြတ်ခဲ့ကြပြီး ကျေးရွာများကိုမီးရှို့ခဲ့ကြကာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကိုပြုလုပ်ခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လူ ၇ သိန်းကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။

ရိုဟင်ဂျာများအပေါ်ကျူးလွန်ခဲ့သည် အဆိုပါပြစ်မှုများအား လူမဆန်သော ပြစ်မှုများအဖြစ် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့များက မှတ်တမ်းပြုစုတင်ပြခဲ့သော်ငြားလည်း မြန်မာအရာရှိများကအဆိုပါ အကြမ်းဖက်မှုများကို မျက်ကွယ်ပြု

ထားလျက်ရှိပါသည်။ ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းကြောင်း နေပြည်တော်က ကြေညာခဲ့သော်လည်း မြန်မာနိုင်ငံတွင် အလားတူအဆိုပါအဖွဲ့အစည်းများဖွဲ့စည်းခဲ့ပြီး တာဝန်ခံ/ တာဝန်ယူမှုမရှိ၊ အလုပ်မဖြစ်သော ဖြစ်စဉ်များစွာရှိခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတာဝန်ခံမှုအားနည်းခြင်းသည် မြန်မာစစ်တပ်က ပြစ်မှုများစွာကျူးလွန်ခဲ့ပြီး လူထောင်ပေါင်းများစွာ နေအိမ်စွန့်ခွာထွက်ပြေးလျက်ရှိသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အပါအဝင် အခြားသောတိုင်းရင်းသားဒေသများတွင် နေထိုင်သူများကိုလည်း အကျိုးသက်ရောက်လျက်ရှိပါသည်။

" မြန်မာနိုင်ငံအတွင်းမှာဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေဆောင်ရွက်မှုအချိန်ကုန်ဆုံးလျက်ရှိပြီဖြစ်ပြီး အဲ့ဒီလိုဆောင်ရွက်နေမှုတွေဟာလဲ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ဖိအားကို တန်ပြန်နိုင်ဖို့အတွက်သာဖြစ်ပြီး စစ်မှန်တဲ့တာဝန်ခံမှုမဟုတ်ပါဘူး။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနဲ့ ကြားဝင်မစွက်ဖက်ရေးမူကို ဘေးဖယ်ပြီးမှန်ကန်တဲ့အရေးယူမှုကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ရိုဟင်ဂျာတွေအတွက် တရားမျှတမှုကိုဆောင်ကျဉ်းပေးခြင်းဟာဒေသတွင်းနိုင်ငံရေးဆိုတာထက်ပိုပါတယ်။ အဲ့ဒါဟာ ဒေသတစ်ခုလုံးနဲ့ဆိုင်တဲ့ လူသားခြင်းစာနာမှုဆိုင်ရာ ပြဿနာပါ။" ဟု APHR ဘုတ်အဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံလွှတ်တော်အမတ် Eva Kusuma Sundari က ပြောကြားခဲ့ပါသည်။

" အခုလိုဒေသတွင်းကလွှတ်တော်အမတ် ၁၀၀ ကျော်ကလက်မှတ်ရေးထိုးပြောကြားမှုက ဘာကိုပြနေလဲဆိုရင်လူ့အခွင့်အရေးနဲ့ရိုဟင်ဂျာတွေအတွက် ဒေသတွင်းထောက်ပံ့မှုပါပဲ။ ဒေသတွင်းအစိုးရတွေအနေနဲ့ ဒါကိုလိုက်နာကျင့်သုံးပြီးတော့ မြန်မာအစိုးရကို သူတို့ရဲ့အလွန်ဆိုးရွားတဲ့မူဝါဒအလေ့အကျင့်တွေကိုရပ်တန်းကရပ်ဖို့ ရှုတ်ချရမှာဖြစ်ပါတယ်။"

လက်မှတ်ရေးထိုးသောလွှတ်တော်အမတ်များ၏နိုင်ငံများ : အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောလက်စ်တေ